# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# တတိယနေ့အစီအစဉ်

# [ ၂၂–၁၀–၂၀၁၂ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **တရားဝင်ငွေလဲ ကောင်တာများမှ အကန့်အသတ်များကို ဖယ်ရှားရန် လိုအပ် လာပြီး ပြင်ပတရားမဝင် ငွေလဲဒိုင်များလည်း ကွယ်ပျောက်သွား နိုင်စေရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **၂၀၁၃–၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ပျော်ဘွယ်မြို့ အပါအဝင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးများအတွင်းရှိ မြို့နယ်များတွင် မီးသတ်စခန်းများ တိုးချဲ့ထားရန်၊ ခေတ်မီ မီးသတ်ယာဉ်များ တိုးချဲ့ဝယ်ယူပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးဖရန်စစ္စကို၊ ဖယ်ခုံ မဲဆန္ဒနယ်၏ **ဖယ်ခုံပြည်သူ့ဆေးရုံပြုပြင်ရန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန အဖြစ် အဆင့်တိုးမြှင့်ပေးရန်၊ ကုန်းငူကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ **မိုဘိုင်းဖုန်းများ အဆက်အသွယ် ပြတ်တောက်ပါက မည်သည့်ဌာနသို့ အကြောင်းကြား ရမည် ဆိုသည်ကို ပြည်သူများကြိုတင်သိရှိရန် ကြိုတင်အသိပေး နိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစိုးရယ်၊ ဒီမောဆို မဲဆန္ဒနယ်က **"ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများအား အောက်ခြေနိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲ ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။